
# မင်းမြတ်သူရ

ပြည်လုံးချမ်းသာကိုကျား



## အခန်း (၁)

ပင်စင်စား အရေးပိုင် ဦးကျော်ဒင်နှင့် ဒေါ်စောမြတို့၌ မောင်သီဟနှင့် မောင်နန္ဒ ဆိုသော သားနှစ်ယောက်ရှိသည်။ သားနှစ်ယောက်အနက် သားကြီးမောင်သီဟသည် ကျောင်းစာကို ကြိုးစားသင်ယူခြင်း မရှိဘဲ မကောင်းသော အပေါင်းအဖော်များနှင့် ပေါင်းဖက်ကာ ပေတေလေလွင့်နေသောကြောင့် ဆယ်တန်းစာမေးပွဲကို အကြိမ်ကြိမ် ကျရှုံးလေ၏ ။

သားငယ်မောင်နန္ဒမှာမူ လိမ္မာယဥ်ကျေးပြီး ကျောင်းစာကို ကြိုးစားသင်ယူသောကြောင့် တစ်နှစ်တစ်တန်း မှန်မှန်အောင်လေ၏ ။ သားကြီးမောင်သီဟ ဆယ်တန်းစာမေးပွဲ ကျရှုံးသောနှစ်၌ သားငယ်မောင်နန္ဒသည် ရှစ်တန်းစာမေးပွဲကို စကောလားရှစ်နှင့် အောင်မြင်လေ၏ ။

နောက်တစ်နှစ်သို့ရောက်သောအခါ မောင်သီဟ ဆယ်တန်းစာမေးပွဲကို ထပ်မံကျရှုံးသောအခါ မောင်နန္ဒသည် ကိုးတန်းစာမေးပွဲကို ဂုဏ်ထူးများနှင့် အောင်မြင်ပြန်၏ ။

ထိုအခါ မောင်သီဟနှင့် မောင်နန္ဒ ညီအစ်ကိုနှစ်ယောက်သည် အသက်အရွယ် ကွာခြားသော်လည်း ကျောင်းပညာ၌ မူ တစ်တန်းတည်းအတူတက်ရလေ၏ ။

ဖခင်ဖြစ်သူ အရေးပိုင်မင်းသည် သားငယ်မောင်နန္ဒကို ချီးမြှင့်မြှောက်စား၍ သားကြီး မောင်သီဟကို အကြီးအကျယ် ဆူပူကြိမ်းမောင်းလေ၏ ။

မောင်သီဟအား လူညံ့လူပျင်းဟု ရစရာမရှိအောင် ပြစ်တင်ရှုတ်ချလေ၏

။ မောင်သီဟ သည် မိခင်ဖြစ်သူက အလိုလိုက်ထားသဖြင့် ဆိုးမိုက်နေသော်လည်း အရေးပိုင်မင်း၏ ပြစ်တင်ဝေဖန်မှုများကို နားနှင့်မဆံ့အောင် ကြားရသောအခါ ဖခင်ဖြစ်သူကို နာကြည်းမုန်းတီးစိတ် ဖြစ်မိ၏ ။

အရေးပိုင်မင်းသည် မိမိ၏ ရင်နှစ်သည်းခြာဖြစ်သော မောင်သီဟကို မုန်းတီးခြင်းမရှိသော်လည်း သားဖြစ်သူ ကြိုးစားချင်စိတ်ဖြစ်အောင် ပြစ်တင်ဝေဖန်ခြင်းဖြစ်၏ ။

မိမိ၏ ပြင်းထန်သော ဝေဖန်ရှုတ်ချမှုများကြောင့် သားဖြစ်သူ စိတ်ထိခိုက်နာကြည်းရမည်ဟု ယူဆထားခြင်း မရှိချေ။ အရေးပိုင်မင်းသည် သားကြီးမောင်သီဟကို ပြစ်တင်ဝေဖန်သလောက် သားငယ်မောင်နန္ဒကို အစစအရာရာ ပစားပေးကာ အလိုလိုက် အကြိုက်ဆောင်လေ၏ ။

မောင်သီဟ ရာလေးစက်ဘီး လိုချင်သည်ဟု အကြိမ်ကြိမ်ပူဆာသော်လည်း ဝယ်ပေးခြင်းမရှိဘဲ မောင်နန္ဒက ရာလေးစက်ဘီး စီးချင်သည်ဟု ပြောလိုက်ရုံဖြင့် ရိုးကုမ္ပဏီမှ ရာလေးစက်ဘီးကို ချက်ချင်းမှာယူပေးလေ၏ ။

ဤသို့ ဖခင်ဖြစ်သူက မောင်နန္ဒကို ပစားပေးကာ အလိုလိုက် အကြိုက်ဆောင်နေသော်လည်း မောင်နန္ဒသည် မာနထောင်လွှားခြင်း မရှိဘဲ အေးဆေးစွာ နေထိုင်လေ၏ ။

အရေးပိုင်မင်းက အလိုလိုက်ထားသော်လည်း အစ်ကိုဖြစ်သူ မောင်သီဟအား နိုင်လိုမင်းထက် မပြုကျင့်ဘဲ ဂါရဝတရားထားပြီး ရိုသေစွာဆက်ဆံလေ၏ ။

အစ်ကိုဖြစ်သူ၏ ပညာရေး၌ အားနည်းချက်ရှိသော်လည်း သရော်လှောင်ပြောင်ခြင်း မရှိဘဲမောင်သီဟ စိတ်အားတက်ကြွစေရန် အားပေးစကား ပြောတတ်၏ ။

အရေးပိုင်မင်းက မိမိကို ပစားပေး၍ အစ်ကိုဖြစ်သူကို နှိမ်ချဆက်ဆံခြင်းအား ဝမ်းသာအားရသော အမူအရာ မရှိချေ။ ဖခင်ဖြစ်သူ၏ နှိမ်ချဆက်ဆံခြင်းကို စိတ်မကောင်းဟန်ဖြင့် ကြည့်ရှုနေတတ်၏ ။

××××××××××

တစ်နေ့သ၌ မောင်သီဟနှင့် အပေါင်းအဖော်များသည် မြို့စွန်ဘုန်းကြီးကျောင်းဝင်းနှင့် ကပ်နေသော ရေကန်ကြီးအနီးသို့ ပစ်ကနစ်ထွက်ကြလေ၏ ။ ပစ်ကနစ်ထွက်ရာ၌ မောင်သီဟ၏ ယောက်ျားလေးမိတ်ဆွေများသာမက မြို့ပေါ်ရှိ ခေတ်ဆန်သော မိန်းကလေးများလည်းပါ၏ ။

မောင်သီဟတို့ သူငယ်ချင်းများသည် မြို့စွန် ရေကန်ကြီးသို့ ပစ်ကနစ်ထွက်ရန်အတွက် မြင်းလှည်းကိုယ်စီဖြင့် ရောက်ရှိလာကြ၏ ။

၎င်းတို့သည် ပစ်ကနစ်ထွက်ရာသို့ ထမင်းဟင်းများကို ချိုင့်ကြီးချိုင့်ငယ် အသွယ်သွယ်ဖြင့် ယူဆောင်လာကြ၏ ။ အချို့လည်း ဓာတ်ဗူးကြီးများထဲတွင် လက်ဖက်ရည် ကော်ဖီ စသည်တို့ကို ဖျော်ကာ ယူဆောင်လာကြ၏ ။ အချို့လည်း မိမိတတ်စွမ်းသမျှ မုန့်အမျိုးမျိုးကို ပစ်ကနစ်ထွက်ရာ၌ စားသောက်ရန် ယူဆောင်လာကြ၏ ။

ထို့ပြင် ပစ်ကနစ်ထွက်ရာ၌ ပျော်ရွှင်စွာ သီဆိုနိုင်ရန် လက်ဆွဲအကော်ဒီယံ၊ မယ်ဒလင်၊ ဘင်ဂျို စသည့် တူရိယာ ပစ္စည်းများကို ယူဆောင်လာကြလေ၏ ။ မောင်သီဟတို့သည် လူငယ်လူရွယ်များ ဖြစ်သဖြင့် ရေကန်ကြီးအနီး ကစားနည်းအမျိုးမျိုးကို ကစားကာ အလွန်ပျော်ရွှင်နေကြ၏ ။

အချို့သော သစ်ပင်တတ်ကျွမ်းသူ ယောက်ျားလေးများက သစ်ပင်ပေါ်သို့တက်ကာ ဝင်းမှည့်နေသော သရက်ပင်ကြီးများကို ခူးဆွတ်ကြ၏ ။ မိန်းကလေးများကလည်း ရေထဲတွင် မျောပါနေသော တောပန်းလေးများကို

အပြိုင်အဆိုင် ခူးဆွတ်ကြ၏။

မောင်သီဟသည် လက်ဆွဲအကော်ဒီယံကိုတီးကာ မိမိရရှိသော အင်္ဂလိပ်သီချင်းများကို ပျော်ရွှင်စွာ သီဆိုလေ၏။ ကျန်သော လူငယ်များကလည်း မိမိတို့ ယူဆောင်လာသော တူရိယာပစ္စည်းများကို အပြိုင်အဆိုင် တီးမှုတ်ကာ ပျော်ချင်တိုင်း ပျော်နေလေ၏။

ထိုသို့တီးမှုတ်ရင်း မောင်သီဟသည် အပျော်လွန်လာပြီး အနီးတွင်ရှိသော ရိုစီ ဆိုသည့် မိန်းကလေးကို လက်ဆွဲကာ အတူတူ ကခုန်လေ၏။ ရိုစီမှာလည်း ခေတ်ဆန်သူဖြစ်သဖြင့် ရှက်ရွံ့ခြင်း မရှိဘဲ မောင်သီဟနှင့်အပြိုင် ကနေလေ၏။

မောင်သီဟနှင့် ရိုစီတို့ အပြိုင်အဆိုင် ကနေပုံကိုကြည့်၍ ကျန်သော လူငယ်များက လက်ခုပ်လက်ဝါးတီး၍ အားပေးကြလေ၏။ ထိုအခိုက်မှာပင် ၎င်းတို့ပျော်ပွဲစားထွက်ရာသို့ ဘုန်းကြီးကျောင်းမှ ကျောင်းသားများ ရောက်ရှိလာပြီး ကျောင်းသားတစ်ဦးက မောင်သီဟတို့ကို လက်ကာပြလိုက်ပြီး ...

"ဟိုး ... ဟိုး ... ရပ်ပါဦးဗျာ၊ ခဏရပ်ပါဦး"

ဟု အော်ဟစ်လိုက်ရာ တူရိယာများ ပြိုင်ပြိုင်ဆိုင်ဆိုင် တီးမှုတ်နေရာမှ ရပ်တန့်သွားသောအခါ ဘုန်းကြီးကျောင်းသား တစ်ဦးက ...

"မင်းတို့ ဆူညံနေတာကို ကြည့်ပါဦးကွာ၊ ဒီနေ့ ဥပုသ်နေ့ကွ၊ ကျောင်းမှာ ဥပုသ်သည်တွေ အများကြီး ရောက်နေတယ်"

ဟု ပြောလေရာ အပျော်လွန်နေသော မောင်သီဟက မိမိကိုယ်မိမိ အင်္ဂလိပ်ကျောင်းတက်နေသော အင်္ဂလိပ်စာတတ်အရေးပိုင်သားဟု သွေးနားထင်ရောက်နေလေရာ ဘုန်းကြီးကျောင်းသားများကို ...

"တောကျောင်းမှာနေတဲ့ တောသားတွေ၊ ငါတို့ကိုလာပြီး ဆရာမလုပ်နဲ့၊

ဥပုသ်နေ့တွေ ဘာတွေ နားမလည်ဘူး၊ မကြားချင်ရင် နားပိတ်ထားလိုက်”

ဟု ရိုင်းပျစွာ ပြန်လည်ပြောဆိုလေ၏။ ထိုအခါ ဘုန်းကြီးကျောင်းသားများက ကျောင်းအနီး ဆူပူခြင်းမပြုရန် ယဉ်ကျေးစွာ ပြောဆိုပြန်၏။ သို့သော် မောင်သီဟတို့က ရိုင်းပျစွာ ပြောဆိုလေ၏။ ဘုန်းကြီးကျောင်းသားများကို မောင်းနှင်ထုတ်လိုက်၏။

ဘုန်းကြီးကျောင်းသားများသည် မောင်သီဟတို့၏ ရိုင်းပျမှုကြောင့် မခံမရပ်နိုင်ဖြစ်ပြီး ကျောင်းသို့ရောက်သောအခါ ဆရာတော်ကြီးကို တိုင်ကြားလေ၏ ။

ထိုအချိန်မှာပင် အရေးပိုင်ဦးကျော်ဒင်သည် ဘုန်းကြီးကျောင်းသို့ အစိုးရအရာရှိများ စုပေါင်း၍ သိမ်တော်ကြီး ဆောက်လုပ်မည့် လှူဒါန်းမည့်အကြောင်း လျှောက်ထားရန် ရောက်ရှိနေလေ၏။

ဘုန်းကြီးကျောင်းသားများသည် မောင်သီဟတို့၏ ရိုင်းပျမှုများကို ဆရာတော်ကြီးထံတွင် လျှောက်ထားရာ၌ မောင်သီဟ၏ ...

“ငါ အရေးပိုင်သားကွ၊ ဘယ်သူ့ကိုမှ အရေးစိုက်စရာ မလိုဘူး”

ဆိုသည့် ကြုံးဝါးချက်ကို ထည့်သွင်းတိုင်ကြားလေ၏။

ထိုစကားကို အနီးတွင် ရှိနေသော အရေးပိုင်မင်း ကြားသိသောအခါ လွန်စွာရှက်ဒေါသဖြစ်သွားလေ၏။ ဆရာတော်ကျောင်းမှ ထားဝယ်ကြိမ်လုံးကိုကိုင်ကာ ကျောင်းအနောက် ရေကန်ကြီးရှိရာသို့ ထွက်ခဲ့၏။

အရေးပိုင်မင်းသည် မိမိ၏ မျက်နှာကို အိုးမဲသုတ်သော သားဖြစ်သူကို ဒေါသဖြစ်လွန်း၍ ကိုယ်ခန္ဓာတစ်ခုလုံး တဆတ်ဆတ် တုန်နေလေ၏။

အရေးပိုင်မင်း ရောက်ရှိသွားသောအခါ မောင်သီဟသည် ရိုစီဆိုသော မိန်းကလေးကိုဖက်၍ ကိုးရိုးကားရား ကချုန်နေလေ၏။ ၎င်းတို့လူစုသည်

တူရိယာမျိုးစုံကို ကျယ်လောင်စွာ တီးခတ်၍ ဆူညံပွက်နေကြ၏။

အရေးပိုင်မင်းသည် သားဖြစ်သူ၏ လုပ်ရပ်ကို မြင်သောအခါ …

“ဟော့ကောင်တွေ၊ မိမဆုံးမ ဖမဆုံးမကောင်တွေ ရပ်လိုက်စမ်း”

ဟု ဒေါသတကြီး အော်ဟစ်လိုက်၏။ မြို့ပိုင်မင်း၏ ကျယ်လောင်သောအသံကြောင့် တီးမှုတ်ကခုန်နေသူများ ရပ်တန့်သွားလေ၏။

မောင်သီဟသည် ရိုစီကိုဖက်၍ ကခုန်နေရာမှ ဖခင်ကို မမျှော်လင့်ဘဲ မြင်လေရာ ထိတ်လန့်အံ့ဩသွားလေ၏။

အရေးပိုင်မင်းသည် ဒေါသကြီးသူပီပီ စိတ်ကိုမထိန်းနိုင်တော့ဘဲ မောင်သီဟကိုကြည့်၍ …

“ခွေးကောင်၊ မင်းတို့မိုက်ရိုင်းလှချည်လား၊ ဒီနေ့ တပေါင်းလပြည့်နေ့ဆိုတာ မသိဘူးလား၊ မြို့ပေါ်က လူကြီးသူမတွေအားလုံး ကျောင်းထဲမှာ သီလဆောက်တည်နေကြတယ်၊ မင်းတို့ကတော့ အရှက်မရှိ သိက္ခာမရှိ အသံသေးအသံကြောင်နဲ့ သီဆိုကခုန်နေကြတယ်”

ဟု ကြုံးဝါးကာ လူအုပ်ထဲသို့ ဝင်၍ မောင်သီဟအား ထားဝယ်ကြိမ်ဖြင့် တဖြန်းဖြန်း ရိုက်လေတော့၏။

မောင်သီဟသည် သူငယ်ချင်းများရှေ့တွင် အရေးပိုင်မင်း၏ ကြိမ်လုံးဖြင့် ရိုက်နှက်ခြင်းကို လွန်စွာအရှက်ရလေ၏။ ဖခင်သည် မိမိ၏ ဂုဏ်သိက္ခာကို မထောက်မညှာဘဲ သူငယ်ချင်းရှေ့တွင် ရက်ရက်စက်စက် ရိုက်နှက်ခြင်းကို များစွာမခံမရပ်နိုင် ဖြစ်မိ၏။

သို့သော် မောင်သီဟသည် ခေါင်းမာသော လူငယ်တစ်ဦးဖြစ်သဖြင့် ဖခင်ကို မတောင်းပန်ဘဲ အံကိုကြိတ်ပြီး ခံလေ၏။

မောင်သီဟသည် ရှောင်တိမ်းမပြေးဘဲ အံကိုကြိတ်ပြီး ခံနေလေ၏။

မောင်သီဟ၏ ခေါင်းမာသောစရိုက်ကို အရေးပိုင်မင်း မြင်တွေ့သောအခါ ပို၍ ဒေါသူပုန်ထလာပြီး ကြိမ်လုံးဖြင့် အဆက်မပြတ် ရိုက်လေ၏ ။

ထိုအခါ မောင်သီဟ၏ အပေါင်းအဖော်များသည် ပစ်ကနစ်ထွက်ရာသို့ ယူဆောင်လာသော ပစ္စည်းများကို အလျင်အမြန်သိမ်း၍ ပြေးကြလေ၏ ။

မောင်သီဟသည် မိမိ၏ ကျောပြင်ကို ဖျောတင်နေသော ဖခင်အား အံကိုကြိတ်၍ ကြည့်ရှုနေလေ၏ ။

နောက်ဆုံး၌ မခံရပ်နိုင်တော့ဘဲ မြေပေါ်သို့ လဲကျသောအခါမှပင် အနီးရှိလူများက အရေးပိုင်မင်းကိုဝိုင်းဆွဲကြလေ၏ ။

မောင်သီဟအားတွဲ၍ မြင်းလှည်းပေါ်သို့တင်ကာ အိမ်သို့ပြန်လေ၏ ။

မောင်သီဟသည် ဖခင်၏ ရက်ရက်စက်စက် ပြုကျင့်မှုကြောင့် မိဘအပေါ် နာကြည်းမုန်းတီးမှုများ ဖြစ်ပေါ်လာလေ၏ ။

××××××××××

မောင်သီဟ အိမ်သို့ပြန်ရောက်သောအခါ မိခင်ဖြစ်သူက ဒဏ်ရာဒဏ်ချက်များကိုကြည့်၍ အထိတ်တလန့်ဖြင့် ...

“ဘယ်လိုဖြစ်တာလဲ သားရယ်၊ သားတစ်ကိုယ်လုံး ဒဏ်ရာတွေနဲ့ပါလား၊ မေမေ ရင်ထိတ်လိုက်တာ”

ဟု မေးမြန်းလေ၏ ။ မောင်သီဟသည် မိခင်၏ အမေးကို မဖြေဘဲ အံကိုကြိတ်ပြီး အိပ်ခန်းထဲသို့ ပြေးဝင်သွားလေ၏ ။

ထိုအချိန်တွင် အရေးပိုင်မင်းသည် အိမ်သို့ပြန်လည်ရောက်ရှိလာပြီး ဇနီးဖြစ်သူအား မောင်သီဟတို့လူစု၏ ရိုင်းပျမှုကို တိုင်ကြားလေ၏ ။

ဒေါ်စောမြသည် အကြောင်းစုံကို သိရသောအခါ ရင်ဘတ်ကို လက်ဖြင့်ဖိ၍ ...

"အမယ်လေး ...လူငယ်တွေ ပျော်ပွဲစားထွက်ပြီး ပျော်ကြပါးကြတာ အပြစ်မဟုတ်ပါဘူး၊ ရှင်တို့ကျွန်မတို့လည်း ငယ်ငယ်တုန်းက ပျော်ပါးကြတာပဲ"

ဟု သားဖြစ်သူဘက်မှ ကာဆီးပြီး ပြောဆိုလေရာ အရေးပိုင်မင်းက ဒေါသတကြီးဖြင့် ...

"ဒီမှာ မစောမြ၊ ဒီကောင်မိုက်ရိုင်းနေတာ မင်းအလိုလိုက်လွန်းလို့ကွ"

ဟု ပြောဆိုလေတော့၏။ မောင်သီဟသည် ထိုနေ့တစ်နေ့လုံး ဖခင်ကို မကျေနပ်စိတ်ဖြင့် အခန်းအောင်းနေလေ၏။

ဖခင်၏ မိမိအပေါ် နှိပ်ကွပ်မှုများကို တရေးရေးမြင်ယောင်မိ၏။

လူငယ်တို့ဘာသာဘာဝ ပျော်ပွဲစားထွက်ရင်း သီဆိုကခုန်နေခြင်းကို ဖခင်ဖြစ်သူက အပြစ်ရှိသည်ဆို၏။

ဖခင်သည် ညီဖြစ်သူကို ကောင်းစွာအလိုလိုက်ပြီး မိမိကို ရက်ရက်စက်စက် နှိပ်ကွပ်ခဲ့၏။

ယနေ့ သူငယ်ချင်းများရှေ့တွင် ရစရာမရှိအောင် ဆူပူကြိမ်းမောင်းပြီး ရိုက်နှက်သွားခဲ့၏။

မိမိနှင့် ရိုစီ ပျော်ရွှင်စွာ ကခုန်နေခိုက် အပြစ်မရှိဘဲ ကျောပြင်ကို ဗျောတင်ခဲ့သော ဖခင်ကြောင့် သူငယ်ချင်းများ၏ လှောင်ပြောင်ခြင်းကို ခံရပေတော့မည်။

နောင်အခါ မည်သည့် ပစ်ကနစ်ပွဲမှ မိမိကခုန်ရန် မဝံ့ရဲတော့ချေ။

ထိုသို့ကခုန်ရန် ကြံရွယ်တိုင်း သူငယ်ချင်းများက ကြိမ်လုံးစာမိဦးမယ်ဟု သရော်လှောင်ပြောင်ကြပေလိမ့်မည်။ ရိုစီကဲ့သော ခေတ်ဆန်သော

မိန်းကလေးရှေ့တွင် ရိုက်နှက်ခံရခြင်းသည် ရှက်ရွံ့ဖွယ် ကောင်းလှ၏ ။

ယခုချိန်ဆိုလျှင် သူငယ်ချင်းများစု၍ မိမိအဖြစ်ကို သရော်လှောင်ပြောင်နေတော့မည်။

ရှက်ရွံ့ဖွယ်အလွန်ကောင်း၏ ။ ဤမြို့၌ ပင် ဆက်ပြီးနေထိုင်ရန် မသင့်တော့ချေ။

မောင်သီဟသည် ရှက်ရွံ့မှုကြောင့် အိမ်မှဝေးရာသို့ ထွက်သွားချင်နေမိ၏ ။

ဖခင်ဖြစ်သူ၏ အဖိနှိပ်ခံဘဝ၏ မှ လွတ်မြောက်အောင် အိမ်မှထွက်ခွာသွားပြီး ကိုယ့်လမ်းကိုယ် လျှောက်ရတော့မည်။

ဖခင်၏ လောင်းရိပ်မိပြီး ဆူပူကြိမ်းမောင်းခြင်း ခံနေရရုံဖြင့် မိမိဘဝတိုးတက်လာမည် မဟုတ်ဟု ထင်မြင်မိ၏ ။ မိမိ၏ ပညာရေးလမ်းကြောင်းမှာလည်း အဆုံးသတ်သွားချေပြီ။

ညီငယ်နှင့်ယှဉ်ပြီး ဆူပူကြိမ်းမောင်းခြင်း ခံရသော ဘဝမှ လွတ်မြောက်အောင် ကြိုးပမ်းရမည်။

မိမိ အိမ်မှဆင်းသွားလျှင် စိတ်ဆင်းရဲမည့်သူမှာ မိခင်သာဖြစ်၏ ။

ညီငယ်မှာ မိမိကို ချစ်မြတ်နိုးသော်လည်း ဖခင်ဖြစ်သူ၏ မြှောက်စားမှုကြောင့် ဝမ်းနည်းကြေကွဲလိမ့်မည်မထင်ချေ။

မောင်သီဟသည် ထိုနေ့တစ်နေ့လုံး ဖခင်ကို မကျေနပ်စိတ်ဖြင့် တနုံ့နုံ့တွေးတောနေလေရာ နောက်ဆုံး၌ အိမ်မှထွက်ခွာရန် ဆုံးဖြတ်လိုက်၏ ။

မောင်သီဟသည် အိမ်မှထွက်ခွာရန် ဆုံးဖြတ်ပြီးသောအခါ မိမိကိုယ်မိမိ ယုံကြည်စိတ်များ ဖြစ်ပေါ်လာပြီး အိမ်မှဆင်းရန် သတ္တိများဝင်ရောက်လာ၏ ။

××××××××××

အခန်း (၂)

မောင်သီဟသည် ညသို့ရောက်သောအခါ တစ်အိမ်လုံး အိပ်မောကျနေခိုက် အဝတ်အစားများကို သားရေအိတ်ထဲသို့ ထည့်လေ၏။ မိမိ၌ ငွေကြေးအနည်းငယ်သာရှိ၏။

အထုပ်အပိုးများ ပြင်ဆင်ပြီးသောအခါ မိခင်၏ အိပ်ခန်းထဲသို့သွားကာ ခုတင်ခြေရင်းမှ ထိုင်ကန်တော့၏။ ပြီးနောက် ညီငယ်၏ အိပ်ခန်းရှေ့သို့သွားပြီး တံခါးကို လှပ်ကာ အိပ်မောကျနေသော ညီကို နောက်ဆုံးအနေဖြင့် ကြည့်ရှုလေ၏။

ညီငယ်သည် ဖခင်က မြှောက်စားသော်လည်း မိမိအပေါ် ရိုင်းပျမှုမရှိဘဲ ကြင်နာသနားတတ်သူဖြစ်၏။ မောင်သီဟသည် အိပ်မောကျနေဟန်ရှိသော ညီငယ်ကိုကြည့်၍ ထိုနေရာမှ ထွက်ခဲ့လေ၏။

မောင်သီဟသည် ခြံထဲသို့ရောက်သောအခါ အုတ်တံတိုင်းကို ကျော်တက်ရန်ပြင်၏။ မိမိ၏ သားရေအိတ်ကို အုတ်တံတိုင်းပေါ်သို့ ပစ်တင်ပြီး ထွက်ခွာရန် ပြင်ဆင်နေစဉ် အနောက်မှ ...

"ဘာဖြစ်လို့ စိတ်လိုက်မာန်ပါ လုပ်ရတာ လဲ အစ်ကိုရယ်"

ဟူသော အသံကိုကြား၍ လှည့်ကြည့်လိုက်ရာ ညီဖြစ်သူ မောင်နန္ဒကို တွေ့ရ၏။ မောင်နန္ဒကို ကြည့်၍ ...

"အစ်ကို့ကို မတားနဲ့တော့ကွာ၊ အစ်ကို ဒီအိမ်မှာ ဆက်မနေချင်တော့ဘူး၊ အဖေရဲ့ဖိနှိပ်မှုတွေကို မခံနိုင်တော့ဘူး"

ဟုပြောလေရာ၊ မောင်နန္ဒက ...

“အစ်ကိုရယ် … လူကြီးစိတ်ဆိုးလို့ပြောတာ သည်းခံပြီးနေပါလားဗျာ”

ဟု ပြောလေ၏ ။

မောင်သီဟက အံကိုကြိတ်၍ …

“အစ်ကို အကြိမ်ကြိမ် သည်းခံပြီး နေပါတယ်ကွာ၊ ဒါပေမယ့် အဖေက အစ်ကို့အပေါ်မှာ သားအရင်းမဟုတ်သလိုပဲ၊ ဖိနှိပ်ချုပ်ချယ်လွန်းတယ်၊ မောက်မာရိုင်းပျလွန်းတယ် အဖေ့ရဲ့လောင်းရိပ်အောက်မှာနေပြီး အစ်ကို ဘယ်တော့မှ ကြီးပွားတိုးတက်မှာ မဟုတ်ဘူး၊ တစ်နေ့ ငါ့ညီနဲ့ အစ်ကို ပြန်ဆုံမှာပါကွာ”

ဟု ပြောလေရာ မောင်နန္ဒက စိတ်မကောင်းဟန်ဖြင့် …

“စဉ်းစားပါဦး အစ်ကိုရယ်၊ ဒီအိမ်ကြီးမှာ ပြေးကြည့်မှ အစ်ကိုနဲ့ညီ နှစ်ယောက်တည်းရှိတာ”

ဟု တားဆီးလိုက်၏ ။ မောင်သီဟက ခေါင်းခါလိုက်ပြီး …

“အစ်ကို တစ်နေ့လုံး စဉ်းစားပြီးပြီ၊ ကိုယ့်ဘဝမှာ ရှေ့ဆက်ပြီး ဘယ်လိုရုန်းကန်ရမယ်ဆိုတာ သိသွားပြီ၊ ဘဝမှာ ကြုံလာမယ့် အခက်အခဲတွေကို ရင်ဆိုင်ဖို့ဆုံးဖြတ်လိုက်ပြီ၊ တစ်နေ့နေ့မှာ အစ်ကိုနဲ့ညီလေး ပြန်ဆုံကြမှာပါ”

ဟု ပြောလေရာ မောင်နန္ဒသည် ဝမ်းနည်းစိတ်များ ဖြစ်ပေါ်လာပြီး မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာ၏ ။

မောင်နန္ဒသည် မျက်ဝန်းအစုံမှ မျက်ရည်စီးကျလာပြီး …

“စိတ်မကောင်းလိုက်တာဗျာ၊ အစ်ကိုနဲ့ ကျွန်တော် ဘယ်တော့ ပြန်ဆုံကြမှာလဲ”

ဟု မေးမြန်းလေ၏ ။

မောင်သီဟက မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး …

"ဒီနေ့ (၁၅-၃-၁၉၂၀)ဆိုတော့ နောင်ငါးနှစ်ပြည့်တဲ့နေ့ (၁၅-၃-၁၉၂၅)မှာ ပြန်ဆုံကြမယ်၊ ဟုတ်ပြီ … အစ်ကိုနဲ့ ငါ့ညီပြန်ဆုံမယ့်ရက်ကို မှတ်မှတ်ရရဖြစ်အောင် …"

ဟု ဆိုကာ အနီးရှိ သရက်ပင်ရှိရာသို့သွား၍ သားရေအိတ်ထဲရှိ ဓားကိုထုတ်ကာ သရက်ပင်ကြီး၌ (၁၅-၃-၁၉၂၅) ဟု ရေးခြစ်လိုက်လေတော့၏။

ပြီးနောက် မောင်သီဟက …

"ဟောဒီသရက်ပက်ပင်ကြီးမှာ အစ်ကိုတို့နှစ်ယောက် ပြန်ဆုံမယ့်ရက်ကို အမှတ်အသား ပြုခဲ့တယ်၊ ငါးနှစ်ပြည့်ရင် အစ်ကိုတို့ပြန်ဆုံကြမယ်"

ဟုဆိုကာ ထိုနေရာမှ ထွက်ခဲ့၏။ မောင်သီဟသည် ဝမ်းနည်းကြေကွဲနေသော ညီငယ်ကို ကျောခိုင်းထွက်ခွာလာပါသော်လည်း မိမိအပေါ် အနိုင်ယူခြင်း မရှိဘဲ ထောက်ထားညှာတာတတ်သော ညီငယ်၏ စိတ်ဓာတ်ကို တွေးတောမိပြီး ရင်နင့်ကြေကွဲမိလေ၏။

××××××××××

မောင်သီဟသည် အိမ်နှင့်ဝေးရာ အမှောင်ထဲသို့ တိုးဝင်ပျောက်ကွယ်သွားလေ၏။

သူ၏ ခြေလှမ်းများသည် ဘူတာအနီးရှိ တဲအိမ်ငယ်လေးများရှိရာသို့ ဦးတည်သွားလေ၏။

တဲတစ်လုံး၏ အနီးသို့ ရောက်သောအခါ မှောင်ရိပ်ခို၍ တဲအနောက်ဘက်ရှိ ပြတင်းတံခါးကို အသာအယာပုတ်လိုက်၏။

ခဏကြာလျှင် ပြတင်းပေါက် ပွင့်လာပြီး …

“ဘယ်သူလဲ”

မောင်သီဟက ...

“ကိုယ်ပါ”

ဟုပြောပြီး ပြတင်းပေါက်မှ ခုန်တက်လိုက်၏။

တဲအိမ်ထဲရှိ မိန်းမပျိုသည် ဖယောင်းတိုင်မီးကို ထွန်းညှိလိုက်၏။

မိန်းမပျို၏ အမည်မှာ မပန်းချစ်ဟူ၍ ဖြစ်ပြီး သူမသည် ဘူတာရုံ၌ ဆီထမင်းရောင်းချပြီး အသက်မွေးဝမ်းကျောင်းသူဖြစ်၏။

မောင်သီဟသည် အဆင့်အတန်း မြင့်မားသော မိသားစုမှ မွေးဖွားလာသော်လည်း မပန်းချစ်ကို မေတ္တာသက်ဝင်ခဲ့၏။ မပန်းချစ်ကမူ မောင်သီဟ၏ ဂုဏ်သိက္ခာမြင့်မားမှုကို မက်မောပြီး လက်ခံခဲ့ခြင်းဖြစ်၏။

မပန်းချစ်သည် ဘူတာရုံ၌ ဈေးရောင်းသူ မိန်မပျိုတစ်ဦး ဖြစ်သော်လည်း ချောမောလှသဖြင့် မြို့ပေါ်ရှိယောက်ျားလေးများ၏ အသည်းစွဲဖြစ်၏။

မြို့ပေါ်ရှိ ယောက်ျားလေးများအနက် မောင်သီဟသည် အရေးပိုင်သား ဖြစ်သဖြင့် အဆင့်အတန်း အမြင့်ဆုံးဟု ယူဆကာ မောင်သီဟ၏ အချစ်ကို လက်ခံခဲ့ခြင်းဖြစ်၏။

မပန်းချစ်သည် မောင်သီဟအပေါ် မေတ္တာစစ်ဖြင့် ချစ်ခင်သူ မဟုတ်ဘဲ ဂုဏ်ပကာသနကိုသာ မက်မောသူဖြစ်၏။

မောင်သီဟကမူ မပန်းချစ်ကို အလေးအနက်ထား၍ မြို့မှထွက်ခွာကာနီး လာရောက်နှုတ်ဆက်ခြင်းဖြစ်၏။

မောင်သီဟကမူ မပန်းချစ်ကို ရင်ခွင်ထဲသို့သွင်း၍ ဖခင်အပေါ် နာကြည်းမှုများအား ပြောပြလေ၏။

မပန်းချစ်သည် မောင်သီဟအား အလေးအနက်မရှိသဖြင့် ဟန်လုပ်၍ ရင်ခွဲထဲသို့ တိုးဝင်ရင်း မကြာမီအဆင့်အတန်းရှိသော လူငယ်တစ်ဦးကို အမိဖမ်းရန် စိတ်ကူးနေလေ၏။

မောင်သီဟက မိမိ၏ ဘဝရည်မှန်းချက်များကို အားတက်သရော ပြောပြရင်း ...

"ကိုယ် ကြီးပွားချမ်းသာလာတဲ့ တစ်နေ့မှာ မပန်းချစ်နဲ့ ပြန်ဆုံကြမယ်၊ အစ်ကို ဒီမြို့က ထွက်သွားတော့မယ်၊ ဒါကြောင့် မပန်းချစ်ကို လာပြီးနှုတ်ဆက်တာ"

ဟု ပြောလိုက်လေ၏။

မပန်းချစ်သည် မောင်သီဟထံမှ အကြောင်းစုံကို သိရသောအခါ ရင်ခွင်ထဲသို့ တိုးဝင်၍ ...

"ရှင်နဲ့ကျွန်မ ခွဲရပြီပေါ့၊ ဘယ်တော့ ပြန်ဆုံမယ်မှန်းလဲ မသိဘူး"

ဟု ရေရွတ်ကာ ဝမ်းပန်းတနည်း ငိုကြွေးနေလေတော့၏။

××××××××××

အရေးပိုင်ကတော်ကြီးသည် သားကြီး အိမ်မှထွက်ခွာသွားသည့်နေ့မှစ၍ နေ့စဉ် ပူဆွေးသောက ရောက်နေ၏။ မောင်နွှသည် မိခင်ကို သနားကရုဏာသက်စွာဖြင့် ပြုစုစောင့်ရှောက်လေ၏။

အရေးပိုင်ကတော်ကြီးသည် သားဖြစ်သူ မောင်သီဟကို နေ့စဉ်နှင့်အမျှ လွမ်းဆွတ်သတိရပြီး တစ်နေ့တခြား ကျန်းမာရေး ချို့တဲ့လာ၏။

အရေးပိုင်ကြီးသည် မိဘမျက်နှာ ကို အိုးမဲသုတ်သော သားအား လွမ်းဆွတ်သတိရရန် မတန်ဟုဆိုကာ ဇနီးဖြစ်သူကို နားချလေ၏။

သို့သော် ဒေါ်စောမြ၏ ကျန်းမာရေးအခြေအနေ တစ်နေ့ထက်တစ်နေ့

ပိုပိုဆိုးဝါးလာသဖြင့် ဇနီးဖြစ်သူကို အပြစ်မတင်ရက်တော့ဘဲ မကြာမီ မောင်သီဟ နောင်တ,တရားရပြီး အိမ်သို့ ပြန်လာမှာပါဟု နှစ်သိမ့်လေ၏ ။

မည်သို့ပင်ဖြစ်စေ ဒေါ်စောမြ၏ ကျန်းမာရေးတစ်နေ့ထက်တစ်နေ့ ဆိုးဝါးလာသဖြင့် အိပ်ရာထဲသို့ ဗုန်းဗုန်းလဲလေရာ ဒေါ်စောမြကို ကုသသော ကုလားဆရာဝန်ကြီးကပင် မောင်သီဟကို အမြန်ဆုံး ခေါ်ယူစေချင်ကြောင်း ပြောလေ၏ ။

နောက်ဆုံး၌ အရေးပိုင်မင်းသည် သားဖြစ်သူအပေါ် ထားရှိသော မာန်မာနစိတ်ကို ခဝါချ၍ သတင်းစာအသီးသီးတွင် မိခင်မကျန်းမာသောကြောင့် မောင်သီဟ အမြန်ဆုံးပြန်ရန်၊ မိဘများ စိုးရိမ်သောက ဖြစ်ပြီး ဝမ်းနည်းပူဆွေးနေကြောင်း စသည်ဖြင့် နေ့စဉ်ရက်ဆက် ကြော်ငြာခဲ့လေ၏ ။

ထိုအချိန်တွင် မောင်သီဟသည် သတင်းစာများထဲတွင် ဖော်ပြထားသော ဖခင်ဖြစ်သူ၏ ကြော်ငြာကို မြင်တွေ့ရသော်လည်း အငြိုးအမှတ်ကြီးသူပီပီ ဆုံးဖြတ်ပြီးသောကိစ္စကို ပြန်မပြင်လိုသဖြင့် မိဘရပ်ထံသို့ မပြန်ခဲ့ချေ။

နောက်ဆုံး၌ ဒေါ်စောမြသည် သားဖြစ်သူကို ပြန်မဆုံနိုင်တော့ဟု ယူဆကာ စိတ်လျှော့လိုက်ပြီး အိပ်ရာထဲသို့ လဲရာမှ အသက်ပါသွားလေ၏ ။

မောင်သီဟသည် မိခင်ကြီး ကွယ်လွန်ကြောင်း သတင်းစာများတွင်တွေ့လျှင် အလွန်ပူဆွေးသောကရောက်သွားပြီး မိခင်၏ နောက်ဆုံးခရီးသို့ တိတ်တခိုးသွားရောက်ကြည့်ရှုရန် ကြံစည်၏ ။

သို့သော် ကံဆိုးရှာသော မောင်သီဟသည် လမ်းခရီး၌ ကားမှောက်ပြီး ဒဏ်ရာများ ရရှိကာ မိခင်၏ စျာပနသို့ ရောက်မလာနိုင်တော့ချေ။

ထိုအခါ အရေးပိုင်မင်းသည် သားဖြစ်သူကို ဆူပူကြိမ်းမိ၍ အိမ်မှထွက်ခွာသွားသောအခါ သနားဂရုဏာစိတ် ဖြစ်ပေါ်ခဲ့သော်လည်း မိခင်၏ နောက်ဆုံးခရီးကို ဥပေက္ခာ ပြုရက်ခဲ့ခြင်းအတွက် မိဘမေတ္တာကို

မသိရက်လေခြင်းဟု ဒေါမာန်ပွားခဲ့၏။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီးနောက် လေးနှစ်အကြာ၌ မောင်နန္ဒသည် အိုင်အေစာမေးပွဲ ဖြေဆိုပြီး ဖခင်အရေးပိုင်မင်း၏ တိုက်တွန်းမှုကြောင့် ပုလိပ်ဘက်တွင် ဝင်ရောက်လုပ်ကိုင်ခဲ့ရာ အင်စပက်တော်ရာထူးသို့ပင် ရရှိခဲ့လေ၏။

မောင်နန္ဒ အင်စပက်တော် ရာထူး ရရှိသောအခါ အရေးပိုင်မင်းသည် နယ်မြို့ကလေးမှ ရန်ကုန်မြို့တော်ကြီးသို့ ပြောင်းရွှေ့နေထိုင်ခဲ့၏။

ရန်ကုန်မြို့ ဝင်ဒါမီဒီယာ၌ အိမ်ကြီးတစ်လုံးကို ဝယ်ယူပြီး နေထိုင်ခဲ့လေ၏။ အရေးပိုင်မင်းသည် အိမ်မှ ပျောက်ချင်းမလှ ပျောက်သွားသော သားဖြစ်သူကို မကြာခဏ သတိရနေတတ်၏။

မောင်နန္ဒမှာလည်း ဖခင်နည်းတူ ပျောက်ဆုံးသွားသော အစ်ကိုဖြစ်သူကို လွမ်းဆွတ်သတိရနေ၏။

××××××××××

မော်လမြိုင်မြို့ လူကုံထုံများ နေထိုင်သော ရက်ကွက်ရှိ လွန်စွာကြီးကျယ်ခမ်းနားသော ခြံကြီး၏ ရှေ့၌ ချမ်းသာကုမ္ပဏီဟူသော ကြေးဝါဆိုင်းဘုတ်ကြီးကို ချိတ်ဆွဲထား၏။

ခြံကြီးအတွင်း၌ အလွန်လှပတင့်တယ်သော ဥယျာဉ်ကြီးရှိပြီး သစ်ပင်ပန်းမန်များလည်း အစီအရီ ဖူးပွင့်နေလေ၏။ ခြံကြီး၏ အလယ်တွင် အလွန်ခမ်းနားလှပသော အိမ်ကြီးတစ်လုံးရှိလေ၏။

အိမ်ကြီး၏ ဆင်ဝင်အောက်၌ ထိုခေတ်က လူကုံထံများ စီးလေ့ရှိသော ဒိန်မလာကားနက်ကြီးတစ်စီး ရပ်ထားလေ၏

အိမ်ကြီး၏ ဧည့်ခန်းထဲ၌ သူဌေးဦးသီဟသည် ဆုံလည်ကုလားထိုင်ကြီး၌

မိန့်မိန့်ကြီး အိုလံပီယာလက်နှိပ်စက်ဖြင့် စာသုံးစောင်ကို ရိုက်နှိပ်နေ၏။

စာများကို ရိုက်နှိပ်ပြီးသောအခါစာအိတ်ထဲသို့ထည့်၍ ပိတ်လေ၏။ ပြီးနောက် အံဆွဲထဲရှိ လိပ်စာကတ်ပြားတစ်ချပ်ကိုထုတ်၍ ကတ်၏ အနောက်၌ ဖောင်တိန်ဖြင့် တစ်စုံတစ်ရာကို ရေးဖြစ်လေ၏။

ထို့နောက်တွင်မူ ကျွန်းစားပွဲပေါ်မှ ငွေခေါင်းလောင်းလေးကို တီးခတ်လိုက်သောအခါ ဗန်ကောက်လုံချည်နှင့် တိုက်ပုံအကျႌကို သေသပ်ကျနစွာ ဝင်ထားသော လူငယ်တစ်ဦး ဝင်လာ၏။

ဦးသီဟက လူငယ်၏ လက်သို့ ပေးအပ်လိုက်ပြီး ...

"ခဏကြာရင် ငါ့ဆီကို မြန်မာလူကုံထံ သူဌေးတစ်ဦး ရောက်လာလိမ့်မယ်၊ သူနဲ့စကားပြောနေတုန်း မင်းက ငါ့ကို ဒီစာတွေ လာပေးပါ"

ဟု ပြောလိုက်ရာ တပည့်ဖြစ်သူက ရိုသေသောအမူအရာဖြင့် ...

"ဟုတ်ကဲ့ ... စိတ်ချပါဆရာ"ဟု ပြောလေ၏။

ဦးသီဟက ဆက်လက်၍ ...

"မြန်မာသူဌေးကြီး ပြန်သွားရင် ချစ်တီးသူဌေးတစ်ယောက်ရောက်လာမယ်၊ ချစ်တီးသူဌေးနဲ့ ငါနဲ့ စကားပြောနေတုန်း ဟောဒီလိပ်စာကတ်ပြားလေးကို ငါ့ဆီကို လာပေးပါ"

ဟု ပြောလေရာ တပည့်ဖြစ်သူက သေချာစွာ ဂရုစိုက်နားထောင်လေ၏။

ဦးသီဟသည် အချိန်အနည်းငယ်ရသဖြင့် ဧည့်ခန်းထဲရှိ ဘဲဥပုံမှန်ကြီးရှေ့ ရောက်သွား၏။ မိမိ၏ ခန့်ညားသော ဥပဓိရုပ်ကို ကြည့်လိုက်၏။

သူသည် အဝါရောင် ချိတ်လုံချည်နှင့် အသားရောင်ရင်ဖုံးအကျႌကို သေသပ်ကျနစွာ ဝတ်ဆင်ထားပြီး ဆံပင်ကိုလည်း ကော့စမတ်တစ်လိမ်း၍ သပ်ရပ်စွာ ဖြီးသင်ထားလေ၏။

သူ၏ ချမ်းသာကြွယ်ဝမှုများကြောင့် လူများက ဦးသီဟဟုသာ ခေါ်ဝေါ်နေသော်လည်း သူ၏ အသက်မှာ သုံးဆယ်ပင်မပြည့်သေးချေ။ ထိုအခိုက်မှာပင် အိမ်ရှေ့သို့ ကားတစ်စီးထိုးရပ်လာပြီး သူဌေးဦးမြဘူး ရောက်ရှိလာ၏ ။

သီဟသည် ဦးမြဘူးကို ခရီးဦးကြို၍ ကြီးကျယ်ခမ်းနားသော အိမ်ကြီးထဲသို့ ခေါ်ဆောင်လာ၏ ။

သီဟသည် သူ၏ အထွေထွေရောင်းဝယ်ရေးကုမ္ပဏီကြီးကို ချဲ့ထွင်ရန် သူဌေးသူကြွယ်အချို့ကို မိမိကုမ္ပဏီ၌ ရှယ်ယာဝင်ရန် စည်းရုံးခဲ့၏ ။

ဦးမြဘူးသည် မွန်ပြည်နယ်ဘက်၌ ရော်ဘာခြံကြီးများစွာကို ပိုင်ဆိုင်ပြီး ကုမ္ပဏီလုပ်ငန်းကို စိတ်ဝင်စားသဖြင့် လာရောက်အကဲခတ်ခြင်းဖြစ်၏ ။

ဦးမြဘူးသည် သီဟ၏ ကြီးကျယ်ခမ်းနားသော အိမ်ကြီးကိုမြင်ရသဖြင့် ဓနအင်အားကို အထင်ကြီး လေးစားသွားသော်လည်း ဦးသီဟသည် စီးပွားရေးလောက၌ နေ့ချင်းညချင်း ကြီးပွားလာသူ ဖြစ်သဖြင့် သံသယများစွာ ရှိနေ၏ ။ သီဟသည် ဦးမြဘူး အထင်ကြီးလောက်သော စကားများကို အဓိကထားပြီး ဝံ့ကြွားစွာပြောဆို၏ ။

သူသည် မြန်မာလူမျိုး သူဌေးသူကြွယ်များလောက် ချမ်းသာရုံဖြင့် ကျေနပ်နေသူ မဟုတ်ဘဲ နိုင်ငံခြား အရင်းရှင်ကြီးများနှင့် ယှဉ်ပြိုင်ပြီး အလုပ်လုပ်လိုသောကြောင့် အစုရှယ်ယာများကို ဖိတ်ခေါ်ခြင်းဖြစ်ကြောင်း ပြောလေ၏ ။

ထိုအခိုက်မှာပင် သီဟ၏ တပည့်သည် အနီးသို့ ရောက်လာပြီး ...

"ဒီနေ့နံနက် သူဌေးဆီကိုစာသုံးစောင် ရောက်နေပါတယ်"

ဟု ပြောဆိုပြီး စာမူများကို ပေးအပ်လေရာ သီဟသည် စာများကို

ဖတ်ရှုလိုဟန်မရှိဘဲ ခေါင်းခါယမ်း၍ ...

“ကျုပ်က သူတို့ထင်သလို မြန်မာသူဌေးသူကြွယ်လောက်နဲ့ ကျေနပ်ပြီး အလှူအတန်းပေး ကျေနပ်နေမယ့်လူမဟုတ်ဘူး၊ နိုင်ငံခြားသား အရင်းရှင်ကြီးတွေနဲ့ ယှဉ်ပြိုင်ပြီးလုပ်တဲ့လူဗျ၊ ဒီလူတွေ အားအားရှိတိုင်း ရေးပို့နေတဲ့စာတွေကို ဖတ်ပြီး အချိန်မပေးဘူး”

ဟု ဆိုကာ စာအိတ်တစ်အိတ်ကို ဦးစွာဖွင့်၍ ဖတ်ရှုလေ၏ ။

ပြီးနောက် ခေါင်းခါယမ်း၍ ...

“ဒီနေ့ညနေ အရေးပိုင်မင်းက ညစာကျွေးချင်လို့ ကြွခဲ့ပါ၊ ကျုပ်မှာ အချိန်မရှိတာ သူတို့မသိဘူး”

ဒုတိယမြောက်စာကို ဖတ်ရှုပြန်၏ ။ပြီးနောက် ခေါင်းခါယမ်းကာ ...

“ဒီအလုပ်တွေလုပ်ဖို့ ကျုပ်စိတ်မဝင်စားဘူးဆိုတာ မြူနီစပါယ်မင်းကြီးကို ပြောပြီးပြီ၊ ဒီမှာ ကြည့်ပါဦးဗျာ၊ မြို့လယ်ဈေးကြီးကို မွမ်းမံပြီး အသစ်ပြန်ဆောက်မယ့် အလုပ်ကို ကျုပ်က ကန်ထရိုက်ယူပြီး လုပ်ပေးရမယ်တဲ့၊ ဘာမဟုတ်တဲ့ အလုပ်လေးလုပ်ပြီး ကျုပ်ဘဝကို အနစ်မွန်းမခံနိုင်ဘူး၊ ကျုပ်က နိုင်ငံခြား အရင်းရှင်ကြီးတွေနဲ့ ယှဉ်ပြိုင်ချင်တာ၊ ဒီမှာကြည့်ပါဦး”

ဟု ဆိုလိုက်ရာ ဦးမြဘူးသည် သူ၏ လက်ထဲသို့ရောက်ရှိလာသောစာကို မသိမသာ ဖတ်ကြည့်လိုက်ရာ အမှန်ပင် မြူနီစပါယ်မင်းကြီးက မြို့လယ်ဈေးကို ပြုပြင်ရန် ကန်ထရိုက်ယူစေလိုကြောင်း ရေးသားထားသောစာဖြစ်၏ ။ မြို့လယ်ကောင်ဈေးကြီးကို ကန်ထရိုက်ယူပြီး ပြုပြင်လျှင် အမြတ်အစွန်းများစွာ ရရှိနိုင်၏ ။

ထိုသို့ အမြတ်အစွန်းကြီးသော အလုပ်ကိုပင် ဦးသီဟက ဘာမဟုတ်တဲ့အလုပ်ဟု ဆိုလိုက်သဖြင့် ဦးမြဘူးသည် သီဟ၏ ခနအင်အားကို

ထိတ်လန့်သွားလေ၏

သီဟက တတိယမြောက်စာကိုဖောက်၍ ခေါင်းတဆတ်ဆတ် ညိတ်လိုက်ပြီး ...

"ဒီစာကတော့ မဆိုးပါဘူး၊ ရောဝတီသင်္ဘောကုမ္ပဏီက ကျုပ်ကို အထူးအရေးပေးတဲ့ ပုဂ္ဂိုလ်အနေနဲ့ သူတို့ကုမ္ပဏီက အထက်တန်းသင်္ဘောခရီးစဉ်တိုင်း အလကားစီးခွင့် ပေးလိုက်တာလေ၊ ဒီလိုသင်္ဘောကုမ္ပဏီတွေ အများကြီးရှိသေးတယ်"

ထိုအခါ သူဌေးဦးမြဘူးသည် သီဟအပေါ် ထားရှိသော သံသယစိတ်များ ပျောက်ကွယ်သွားပြီး လွန်စွာယုံကြည်ကိုးစားသွားလေ၏။ သီဟကဲ့သို့ အမြော်အမြင်ကြီးပြီး အရေးကြီးပုဂ္ဂိုလ်များနှင့် ဆက်ဆံရေး ကောင်းမွန်သောလူကို လက်တွဲပြီး စီးပွားရေးလုပ်ရန် ဆုံးဖြတ်ချက်ချလိုက်၏။

ထို့ကြောင့် သီဟ၏ အထွေထွေရောင်းဝယ်ရေး ကုမ္ပဏီ၌ မိမိရှယ်ယာဝင်မည်ဖြစ်ကြောင်း ကတိပြု၏။

သူဌေးဦးမြဘူး ပြန်လည်ထွက်ခွာသွားသောအခါ သီဟသည် မိမိ၏ အကြံအစည်များ အောင်မြင်သွားသဖြင့် အကျေနပ်ကြီး ကျေနပ်နေလေ၏။

ခဏကြာလျှင် ချစ်တီးသူဌေးတစ်ဦးသည် ဖိုဒ်ကားနက်ကြီးစီးလျှက် ခြံထဲသို့ ဝင်ရောက်လာလေ၏။

သီဟသည် ချစ်တီးသူဌေးအား ကောင်းမွန်စွာ ဧည့်ခံ၍ မိမိအား အထင်ကြီးအောင် ကြွားလုံးအမျိုးမျိုးပြောဆို၏။

ချစ်တီးသူဌေးသည် အိန္ဒိယမှ ချစ်တီးဗိုလ်ကြီးများ၏ ကိုယ်စားလှယ်ဖြစ်သဖြင့် မိမိလိုအပ်တာတွေ အတိုးနှုန်းနည်းပါးစွာဖြင့် ချေးယူနိုင်၏။

သီဟသည် မိမိ၏ စီးပွားရေးလုပ်ငန်းအချို့ကို ချစ်တီးသူဌေး အထင်ကြီးအောင် ချဲ့ကားပြောဆိုလေ၏။

ထိုအခိုက်မှာပင် အခန်းထဲသို့ သီဟ၏ တပည့်လေးဝင်ရောက်လာပြီး လိပ်စာကဒ်ပြားလေးတစ်ချပ်ကို ပေးအပ်လေ၏။

သီဟသည် လိပ်စာကတ်ပြားကိုယူ၍ နောက်ကျောဘက်ကို ဖတ်ကြည့်လိုက်ပြီး သက်ပြင်းချပြီး ...

"အိန္ဒိယလူမျိုး အမတ်ဆာဗီးယား ကျုပ်တို့မြို့ကို မနက်ဖြန် ရောက်လိမ့်မယ်၊ သူဟာ နိုင်ငံရေးကိစ္စတွေ ဆွေးနွေးချင်လို့ ကျုပ်အိမ်ကို လာလည်မယ်လို့ ရေးထားတယ်၊ ဒီမှာ ကြည့်ပါဦးခင်ဗျ "

ဟု ဆိုကာ ချစ်တီးသူဌေးအား လိပ်စာကတ်ပေးလိုက်၏။ ချစ်တီးသူဌေးသည် လိပ်စာကတ်ကိုကြည့်၍ မျက်လုံးပြူးသွား၏။

သူဌေးဦးသီဟသည် ရန်ကုန်မြို့မှ အမတ်ကြီးများနှင့်ပင် ရင်းနှီးကျွမ်းဝင်သော မင်းပေါက်စိုးပေါက်ပုဂ္ဂိုလ်ကြီးဖြစ်၏။ ဤလူမျိုးကို ယုံကြည်စွာ ပိုက်ဆံချေးငှားလျှင် မိမိတို့ ချစ်တီးဗိုလ်ကြီးများ များစွာအကျိုးရှိမည်ဖြစ်ကြောင်းရိပ်စားမိ၏။

ထို့ကြောင့် သူဌေးဦးသီဟ လိုအပ်သမျှငွေကို ချေးငှားနိုင်ရန် ထောက်ခံလိုက်မည်ဟု ဆုံးဖြတ်လိုက်၏။

ချစ်တီးသူဌေး ပြန်သွားသောအခါ သီဟသည် ယနေ့ သူ၏ ရည်မှန်းချက်များ အောင်မြင်သဖြင့် အလွန်ကျေနပ် ဝမ်းမြောက်နေမိ၏။

ထို့နောက် ငွေခေါင်းလောင်းကိုတီး၍ အစေခံအားခေါ်ကာ အိမ်ကြီး၏ ဝရန်တာ၌ မိမိအရက်သောက်ဖို့ ပြင်ဆင်ရန် စေခိုင်းလေ၏။

××××××××××